# ရိုဟင်ဂျာများအားအကြမ်းဖက်သတ်ဖြတ်မှုအပေါ် နိုင်ငံတကာတရားစီရင်မှုရရှိရေး အရှေ့တောင်အာရှမှလွှတ်တော်အမတ်များက တောင်းဆို

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ကတည်းက မြန်မာနိုင်ငံတွင်စတင်ဖြစ်ပွားခဲ့သော သိန်းပေါင်းများစွာသော ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုများကျူးလွန်ခဲ့ရာတွင် ပြစ်မှုကျူးလွန်ခဲ့သူများ လွတ်မြောက်နေမှုအပေါ် အလွန်စိုးရိမ်မိကြောင်းဖော်ပြရန် မိမိတို့လွှတ်တော်အမတ်များအနေဖြင့် ယခုစာကို အောက်တွင် အတူတကွ လက်မှတ်ရေးထိုးထားခြင်းဖြစ်ပါသည်။ မိမိတို့အနေဖြင့် ယခုပဋိပက္ခနှင့်စပ်လျဉ်းပြီး သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလျင်အမြန်အရေးယူမှုများဆောင်ရွက်ရန် တောင်းဆိုလိုက်ပါသည်။

လွန်ခဲ့သောတစ်နှစ်က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိရဲတပ်ဖွဲ့စခန်းများအား ARSA အဖွဲ့ကတိုက်ခိုက်ခဲ့မှုအား တုန့်ပြန်ဆောင်ရွက်ခဲ့သည့် ကြမ်းတမ်းသောနှိမ်နင်းဖြိုခွဲခြင်းကို မြန်မာလုံခြုံရေးတပ်ဖွဲ့များနှင့် အပေါင်းအပါများက ဆောင်ရွက်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့များ၏ အမည်ခံနယ်မြေရှင်းလင်းရေးဆောင်ရွက်မှုကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများရှိခဲ့ပြီး အကြမ်းဖတ်သတ်ဖြတ်မှုများ၊ အာဏာရှင်ဆန်သောဖမ်းဆီးမှုများ၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးမှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဖြစ်ပွားခဲ့ပြီး နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများကလည်း ဖော်ပြခဲ့ကြသည်။ ရိုဟင်ဂျာ ၇၂၀၀၀၀ ကျော်လည်းဘင်ဂလားဒေ့ရှ်နိုင်ငံသို့ထွက်ပြေးခဲ့ကြရသည်။ ရိုဟင်ဂျင်များနှင့် စပ်လျဉ်းပြီး ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့်ပြစ်မှုများတွင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် လူမဆန်သော ပြစ်မှုများပါဝင်နေသည်ဟု ယုံကြည်ရလောက်သည့် အချက်များစွာရှိပါသည်။

ယခုအချိန်အထိ မြန်မာအစိုးရ၏တုန့်ပြန်ဆောင်ရွက်မှုများမှာ သင့်လျော်မှုမရှိသေးပါချေ။ အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးရန်နှင့် အဆိုပါပြစ်မှုကျူးလွန်သူများကို အများယုံကြည်လက်ခံပြီးဘက်လိုက်မှုကင်းသောနည်းဖြင့် တရားစွဲဆိုအရေးယူရန် ပျက်ကွက်ခဲ့ပြီး ရခိုင်ဒေသအတွင်းရှိအဆိုပါဒေသများသို့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာလေ့လာသူများ လာရောက်နိုင်ရေးကိုလည်းဆက်လက်ပိတ်ဆို့ထားခဲ့ကြသည်။ အမှန်စစ်စစ်တွင် အဆိုပါလူ့အခွင့်အရေးဆိုင်ရာအကြမ်းဖက်မှုများကိုဖော်ထုတ်ရန်ကြိုးပမ်းသူအချို့မှာ ယခုအခါတွင် အငြင်းပွားဖွယ်ရာ ပြစ်မှုများဖြင့် တရားစွဲဆိုခံရခြင်းကို ရင်ဆိုင်ရလျက်ရှိနေသည်။ မကြာသေးခင်ကထုတ်ပြန်ခဲ့သောအစီရင်ခံစာများတွင် ရခိုင်ပြည်နယ်အတွင်းတွင် ကျန်ရှိနေသေးသောရိုဟင်ဂျာများအနေဖြင့် ခွဲခြားဆက်ဆံခံရမှုများခံနေရဆဲဖြစ်ပြီး နေ့စဉ်နေထိုင်မှုဘဝမလုံခြုံမှု၊ အခြေခံဝန်ဆောင်မှုများကိုလက်လှမ်းမမီနိုင်မှုနှင့် စားဝတ်နေထိုင်ရေးဆိုင်ရာ အခွင့်အလမ်းများကို လက်လှမ်းမမီနိုင်မှုတို့နှင့်ရင်ဆိုင်ရလျက်ရှိသည်။ ဘင်ဂလားဒေ့ရှ်နိုင်ငံမှ ဒုက္ခသည်များအားဂုဏ်သိက္ခာရှိရှိ၊ ဆန္ဒအလျောက် နေရပ်ပြန်ပို့နိုင်ရေးမှာ အဆိုပါအခြေအနေများ ဆက်လက်တည်ရှိနေသရွေ့ ဖြစ်နိုင်ဖွယ်မရှိပါချေ။

အထက်ပါစိုးရိမ်ပူပန်မှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအား ရိုဟင်ဂျာလူမျိုးများအပေါ် လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှုများကျူးလွန်ရာတွင် တာဝန်ရှိသည့်သူများကိုအရေးယူနိုင်ရန် အလျင်အမြန်ဆောင်ရွက်နိုင်ရေး မိမိတို့လွှတ်တော်အမတ်များကဆော်ဩအပ်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များကိုလည်း မြန်မာနိုင်ငံ၏လူ့အခွင့်အရေးဆိုင်ရာအခြေအနေများအပေါ် သို့လွှဲပြောင်းရန်အတွက် မိမိတို့အနေဖြင့် တောင်းဆိုအပ်ပါသည်။

နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြစ်မှုဆိုင်ရာစီရင်မှုများကို အနာဂတ်တွင် ဆောင်ရွက်နိုင်ရန်နှင့် ဘက်မလိုက်သော စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နိုင်ရန် နိုင်ငံတကာတာဝန်ယူဆောင်ရွက်မှုလုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်ရေးဆိုင်ရာ မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂ၏လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စရန်ဟီလီ၏ တောင်းဆိုမှုကိုလည်း မိမိတို့အနေဖြင့် ထောက်ခံပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအစိုးရ၊ အာဆီယံနိုင်ငံများမှအစိုးရများအပါအဝင်မိမိတို့၏အစိုးရအဖွဲ့များကိုလည်း ယခုကိစ္စနှင့် စပ်လျဉ်းပြီးပိုမိုကြိုးပမ်းဆောင်ရွက်ရန်၊ ရိုဟင်ဂျာများအပေါ်လူ့အခွင့်အရေး ချိုးဖောက်မှုများ အားလုံးကို

အဆုံးသတ်ရန် အစိုးရနှင့်စစ်တပ်ကိုဖိအားပေးနိုင်ရေးနေပြည်တော်အပေါ် အာဆီယံ၏ ဩဇာလွှမ်းမိုးမှုကိုအသုံးချရန် တောင်းဆိုလိုပါသည်။ ယခုအကျပ်အတည်းကိုဖြေရှင်းနိုင်ရန်အတွက် ခွဲခြားဆက်ဆံမှုများရှိနေသည့် မူဝါဒကျင့်စဉ်များ အားလုံးကိုဖျက်သိမ်းရန်လည်း ပါဝင်ရမည်ဖြစ်သည်။ လွှတ်တော်အမတ်များကရခိုင်ပြည်နယ်အတွင်းတွင် အကန့်အသတ်မရှိ လက်လှမ်းမီရောက်ရှိနိုင်မှုအထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့ရေးအဖွဲ့များ၊ လွတ်လပ်သောစောင့်ကြည့်လေ့လာသူများ၊ ပြည်တွင်းပြည်ပမီဒီယာများကို မြန်မာအစိုးရအနေဖြင့် ပေးအပ်ရန် တောင်းဆိုခဲ့သည်။

ရိုဟင်ဂျာများအပေါ်ကျူးလွန်လျက်ရှိသည့် ပြစ်မှုများကို တာဝန်ခံမှုများရရှိရေးအတွက် တွန်းအားပေးရန် မိမိတို့ လွှတ်တော်အမတ်များက မိမိတို့၏ လက်ရှိလွှတ်တော်အမတ်ဖြစ်တည်မှုကို အကျိုးရှိရှိအသုံးပြုရန်လည်း ကတိကဝတ်ပြုပါသည်။

ယခုဆောင်ရွက်မှုများသည် ကာလရှည်ကြာဖြစ်ပွားလျက်ရှိသည့် ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုသံသရာကို ရပ်တန့်စေနိုင်မည့်အပြင် ဆယ်စုနှစ်များစွာမြန်မာလုံခြုံရေးအဖွဲ့များ၏ ပြစ်ဒဏ်များမှလွတ်မြောက်နေမှုကိုလည်း အဆုံးသတ်စေမည်ဖြစ်ပါသည်။

#